# သံသယများရဲ့ နောက်ကွယ်

သဉ္ဇာမိုးဦး



# အခန်း ( ၁ )

"မိုး၊ ဒါကိုယ့်ရဲ့ ရည်းစားကဗျာတဲ့ "

မိုးသည် အအေးသောက်နေရာမှ မောင့်အသံကြား၍ မော့ကြည့်လိုက်မိသည် ။ မောင်နှင့်အတူ ကောင်မလေး တစ်ယောက်ကို အတူတွေ့လိုက်ရသည် ။ မိုးကို နှုတ်ဆက်ပြီး မောင်က သူမနှင့်အတူ မျက်နှာချင်းဆိုင် ခုံမှာ ဝင်ထိုင်သည် ။

"ဩော် ..အင်း၊ တွေ့ရတာ ဝမ်းသာပါတယ် ကဗျာ "

မိုးသည် ပြုံးပြပြီး နှုတ်ဆက်ရင်း သေချာ အကဲခတ်ကြည့်တော့ ကဗျာဆိုသည့် ကောင်မလေးက အသက်က နှစ်ဆယ်လောက်သာ ရှိမည်။ ဝတ်စားထားသည့်ပုံက ခေတ်ဆန်ဆန်နှင့် ဆွဲဆောင်မှုရှိပြီး လှပနေသည် ။ ဒါကြောင့်လည်း မောင် သူမကို တွဲခဲ့ခြင်းဖြစ်မည်။

"ကဗျာ၊ ဒါကိုယ်နဲ့ လက်ထပ်မယ့် ကိုယ့်ချစ်သူ မိုးမခတဲ"

"ဟုတ်ကဲ့ မမ၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကိုကို ပြောပြလို့ ကဗျာက မမအကြောင်း ခဏခဏ ကြားဖူးနေတာ၊ မမက အပြင်မှာ တွေ့တော့ ရိုးရိုးလေးနဲ့ အရမ်းလှတာပဲ "

"ကျေးဇူးပါ ကဗျာ၊

ကဗျာကလည်း အရမ်းကို ချစ်စရာကောင်းပါတယ် "

"ကျေးဇူး မမ"

မိုးသည် ကိုယ့်စကားကိုယ် ပြန်ကြားပြီး ပြုံးမိသည် ။ တကယ်တော့ ဒီလိုအခြေအနေက တအားကို ရယ်စရာ ကောင်းနေသည် ။ ကိုယ့်ချစ်သူ ၊ ကိုယ်လက်ထပ်မည့် ယောကျ်ားလေးတစ်ယောက်က သူ့ရည်းစားကို မိုးနှင့် လာမိတ်ဆက် ပေးနေသည် ။ ဒါ မိုးအတွက်တော့ မထူးဆန်းတော့ပါဘူး။ ခုဆို ဒါ နှစ်ကြိမ်မြောက်ပဲ ဖြစ်သည် ။

မောင့်နာမည် အပြည့်အစုံက မြတ်မင်းမောင်ပါ။ မိုးကတော့ မောင်လို့ ပဲ ခေါ်တယ်။ မောင် နဲ့ မိုး ကော်ဖီဆိုင်မှာ အမှတ်မထင် တွေ့ခဲ့ကြတယ်။ မောင့်ကို မိုး အစတုန်းက စိတ်မဝင်စားခဲ့ပါဘူး။ မောင်ကတော့ မိုးနောက်ကို ဇွဲရှိရှိနဲ့ လိုက်ပြီး ချစ်ရေး ဆိုခဲ့တယ်။ အေးတိအေးစက် နိုင်တဲ့ မိုးကို ဘယ်ယောကျ်ားလေးမှ ကြာကြာ မလိုက်နိုင်ကြပါဘူး။ လက်လျှော့ သွားကြတာချည်းပါပဲ။ ဒါပေမဲ့ မောင်ကတော့ အခြားသူတွေလို မဟုတ်ခဲ့ဘူး။ နောက်ဆုံးမှာ တော့ မိုး မောင့်ရဲ့ အပြောတွေ၊ အကြည့်တွေ အောက်မှာ ဒူးထောက်ခဲ့ရတော့တယ်။ မောင်နဲ့ ချစ်သူဖြစ်ပြီး မိုးသိလိုက်ရတာက မောင်ဟာ ရည်းစားတွေ အရမ်းများပြီး ပွေရှုပ်တတ်တဲ့ လူစားမျိုးတဲ့ လေ။ ဒါပေမဲ့လေ မိုး...မောင့်ကို ရွေးချယ်ခဲ့ပြီးပြီ။ ချစ်မိခဲ့ပြီးပြီ။ မောင်နဲ့ ကြာကြာနေနိုင်ဖို့ ဆိုရင် မိုးရဲ့ ခံစားချက်တွေကို သိုဝှက်ထားနိုင်ရမယ်လေ။

"မိုး....မိုး "

"ဟင်..မောင်၊ ပြောလေ"

"ဘာတွေ စဉ်းစားနေတာလဲ၊ ကိုယ် ခေါ်နေတာကြာပြီ "

"ဆောရီး၊ အတွေးလွန်သွားလို့ ပါ "

"ကိုယ် ကဗျာနဲ့ ရုပ်ရှင်သွားကြည့်မလို့ "

"အင်း "

"မိုး လိုက်ဦးမလား "

"မလိုက်တော့ပါဘူး၊ မိုး အလုပ်ကိစ္စ ရှိသေးတယ်"

"အင်း၊ ဒါဆို ကိုယ်တို့ သွားတော့မယ်နော် "

ကဗျာ့ လက်ကိုဆွဲပြီး မောင်က ထွက်သွားဖို့ ပြင်သည် ။

"မမ....ကဗျာတို့ သွားတော့မယ်နော်"

ကဗျာ့၏ ရိုးသားသော အသံလေးနှင့် မလိုက်ဖက်စွာ သူမ၏ ကောက်ကျစ်သည့် အပြုံးကြောင့် မိုး၏ ရင်ထဲမှာ စူးခနဲ ဖြစ်သွားရသည် ။ ဒါပေမဲ့လည်း ဘာမှ မသိသလို ဟန်ဆောင်ပြုံးရင်း ခေါင်းညိတ်ပြီး ပြန်ဖြေခဲ့သည် ။

"အင်း ကဗျာ "

မိုး၏ စကားသံဆုံးသည် နှင့် မောင်နှင့် ကဗျာတို့ လက်ချင်းတွဲပြီး ထွက်သွားခဲ့ပြီ။ မိုးသည် အအေးကို ယူပြီး မော့သောက်လိုက်သည် ။ အေးစက်နေသော အအေးတွေက လည်ချောင်းမှ တစ်ဆင့် စီးဆင်းသွားပေမဲ့ ရင်ထဲက အပူတွေကတော့ မအေးစေနိုင်ခဲ့ပါဘူး။

"မောင် ကြိုက်သလို အနိုင်ယူနိုင်ပါတယ်။ ချစ်မိတဲ့ အတွက် မိုး အတတ်နိုင်ဆုံး လျစ်လျူရှုထားပေ့ါမယ်။ မောင့်အနားမှာ ကြာကြာနေနိုင်ဖို့လေ "

မိုးစိတ်ထဲ ရေရွတ်ပြောဆိုနေခဲ့မိတော့သည် ။

***

ကလင် ...ကလင်...ကလင်

မနက်စောစောစီးစီး ဖုန်းမြည်သံကြောင့် မြတ်မင်းမောင်တစ်ယောက် အိပ်နေရာမှ နိုးလာခဲ့ပြီး စိတ်ပျက်လက်ပျက်နှင့် ဖုန်းကို လှမ်းယူပြီး ကိုင်လိုက်သည် ။

"ဟဲလို "

"ကိုကို "

"ဘယ်သူလဲ "

"ကဗျာပါ "

"ကဗျာ ဘာကိစ္စလဲ၊ မနက်စောစောစီးစီး ဖုန်းဆက်လို့ ပါလား "

ကဗျာက ဘာမှ ပြန်မပြောဘဲ တိတ်ဆိတ်နေသည် ။

"ဟဲလို...ကဗျာ ဘာပြောမလို့ လဲ၊ ပြောလေ"

ကဗျာ့ဘက်မှ သုံးစက္ကန့်လောက် ငြိမ်နေပြီးမှ ....

"ကိုကို ကဗျာတို့ လမ်းခွဲရအောင် "

"ဘာ "

"လမ်းခွဲရအောင်လို့ "

"ကဗျာ မနက်စောစော ကိုယ့်ကို နောက်နေတာလား"

"တကယ်ပြောတာ ကိုကို၊ ကဗျာ့ဖုန်းကိုလည်း မဆက်နဲ့ တော့၊ ကဗျာ့ကိုလည်း လာမရှာနဲ့ တော့။ ဒါပဲနော်၊ ကဗျာ ဖုန်းချတော့မယ် "

"ခဏနေပါဦး.."

မြတ်မင်းမောင် တားလိုက်ပေမဲ့ 'တီ ´ဆိုသော အသံနှင့်အတူ ဖုန်းချသွားပြီဖြစ်သည် ။

"တောက် ဖုန်းချသွားပြီကွာ "

ဒါဘာလဲ။ ဘာလို့ လမ်းခွဲချင်ရတာလဲ။

ဒီနေ့ဆို မြတ်မင်းမောင်နှင့် ကဗျာ ရည်းစားဖြစ်သည် မှာ တစ်ပတ်ပြည့်သည့် နေ့။ ကဗျာ လမ်းခွဲခဲ့ပြန်ပြီ။ ခုဆို နှစ်ယောက်ရှိပြီ။ ရည်းစားဖြစ်ပြီး တစ်ပတ်ပြည့်သည် နှင့် လမ်းခွဲခံရသည် ။ အရင်ကဆို ကျွန်တော့်ဘက်ကသာ စ လမ်းခွဲနေကျပင်။ ခုဆို မိန်းကလေးဘက်က စ လမ်းခွဲခံနေရသည် ။ ဘာကြောင့်လဲ။

ဒီလိုတွေနှင့် ကျွန်တော့်မှာ နောက်ဆုံးတော့ မိုးမခဆိုသော ကျွန်တော့်ချစ်ရသူ၊ လက်ထပ်ရမယ့်သူ တစ်ယောက်သာ ကျန်ခဲ့ပါတော့သည် ။ ဘယ်သူတွေ ဘယ်လို ထားသွားသွား သူမကတော့ အမြဲ ဘေးမှာ ရှိနေပေးခဲ့သည် ။ ဒါကြောင့်လည်း သူမကို လက်ထပ်ဖို့ အထိ ရည်ရွယ်ထားခဲ့ခြင်းပင်။ မိုးအပေါ်ကို ဘယ်လောက်ပဲ မတရားတာ လုပ်ခဲ့ လုပ်ခဲ့ မိုးကတော့ အပြုံးမပျက်ဘဲ နားလည်ပြီး ချစ်ပေးခဲ့သည် ။ ဒါကြောင့်လည်း မြတ်မင်းမောင်ဆိုသည့် ကျွန်တော့်ကို ကောင်မလေးတွေ ထားသွားလည်း ဂရုမစိုက်ဘဲ နောက်တစ်ယောက်ရှာနိုင်ခြင်းပင်။

***

# အခန်း ( ၂ )

"ဘယ်လို၊ ကဗျာက မောင့်ကို လမ်းခွဲတယ် ဟုတ်လား"

"အင်း၊ မနေ့က မနက်စောစော ကိုယ့်ဆီ ဖုန်းဆက်တယ် "

မြတ်မင်းမောင်က မိုးနှင့် ပန်းခြံမှာ ထိုင်စကားပြောရင်း မနေ့က ကဗျာ လမ်းခွဲစကား ပြောတာကို မိုးကို ပြောပြတော့ မိုးက အံ့ဩနေသည် ။

"ဟုတ်လား....မောင့်ကို သူက ဘာလို့ စပြီး လမ်းခွဲရတာလဲ "

"ကိုယ် သူနဲ့ ဘာပြဿနာမှ လည်း မရှိပါဘူးကွာ၊ အဲဒါကို ဘလိုင်းကြီး လမ်းခွဲမယ် ပြောတယ်။ ကဗျာပဲ ကိုယ့်နောက်ကို အရင် လိုက်ကပ်နေခဲ့တာ၊ အဲဒါ ခုကျတော့ ....."

"အင်း....ကဗျာ့မှာ အကြောင်း တစ်ခုခုရှိမှာ ပေ့ါ မောင်ရဲ့ "

"တကယ်တော့ ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ "

"ဘာလို့ လဲဟင်"

"ကိုယ် အရင်က ရည်းစားတွေထားခဲ့တာ ဘယ်သူမှ ကိုယ့်ကို စမဖြတ်ကြဘူးလေ၊ ကိုယ်ကပဲ သူတို့ ကို ဖြတ်ခဲ့တာ။ ခုကျတော့ သူတို့ က ကိုယ့်ကိုစပြီး အဆက်အသွယ် ဖြတ်ကြတယ်လေ။ ခုဆို နှစ်ယောက်ရှိပြီ "

မြတ်မင်းမောင် စဉ်းစားရခက်နေသည် ။ ကျွန်တော့်မှာ အားလုံး ပြ

ည့်စုံနေတာပဲ။ ဟိုအရင်ကဆို လမ်းခွဲဖို့ ကိုယ့်ဘက်ကစပြီး မနည်းကြိုးစားရတာ။ ကျွန်တော် လမ်းခွဲဖို့ စပြောရင်တောင် အတင်း ကပ်နေခဲ့လို့ မနည်းခွာချ ခဲ့ရသေးသည် ။ ခုနောက်ပိုင်းမှ နှစ်ယောက်ရှိပြီ။ အကြောင်းပြချက် သေချာမပေးဘဲ လမ်းခွဲသွားတာ။

"ဒါဆို...မောင်ပြောချင်တာက မောင်ကစပြီး လမ်းမခွဲလိုက်ရလို့ ပေါ့ ...ဟုတ်လား"

"ဟာ...အဲဒီလို မဟုတ်ဘူး လေ..မိုးကလည်း ....."

မိုးက ပြုံးစစနှင့် ပြောနေတာတွေ့တော့ နောက်နေမှန်း သိလိုက်ပြီး မိုး၏ စနောက်သည့် စကားကြောင့် ပြုံးမိသည် ။ မိုး၏ ပါးကို ဖွဖွလေး လိမ်ဆွဲလိုက်ပြီး ရယ်မိသည် ။ မိုးလည်း ကျွန်တော်နှင့် အတူ လိုက်ရယ်တော့ စိတ်ညစ်စရာတွေ အလိုလို မေ့သွားရသည် ။ မိုးလို ချစ်သူတစ်ယောက် အနားမှာ ရှိနေရင် ပြည့်စုံပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့ ဝါသနာအတိုင်း တစ်ယောက်ပြီး တစ်ယောက် တွဲနေရတာကို ကြိုက်နေမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာ မိုးကိုပဲ လက်ထပ်မှာ ပါ။ မိုးက နံပါတ်တစ်ပါပဲ....။ အခုချိန်ထိပေါ့.....။

***

"မိုး...".

"ဩော်...မောင်၊ ဘယ်ကို လာတာလဲဟင် "

"မိုးဆီကို တမင်လာတာ...."

မိုးက ပန်းဆိုင်လေး ဖွင့်ထားသည် ။ အထဲမှာ ပန်းအမျိုးအစား စုံစုံလင်လင်နှင့် ရနံ့တွေ မွှေးကြိုင်ပြီး အရမ်းကို လှပနေသည် ။ မိုး၏ မိဘတွေ ငယ်ငယ်ထဲက ဆုံးသွားပြီး အဘွားနှင့် အတူနေသည် ။ မိုး၏ ပညာအရည်အချင်း၊ ငွေကြေးစည်းစိမ်နှင့်ဆို ကုမ္ပဏီတစ်ခု တည်ထောင်ပြီး အလုပ်လုပ်လို့ ရသည် ။ ဒါပေမဲ့ သူမက စီးပွားရေးကို စိတ်မဝင်စား၊ သူမနှစ်သက်သော ပန်းဆိုင်လေးကိုသာ ဝါသနာအရ သီးသန့်ဖွင့်ထားပြီး သက်သာလွန်းသော ဈေးနှင့်သာ အရောင်းအဝယ်လုပ်သည် ။ မော်ဘီမှာ လည်း မိုးက ခြံလေးတစ်ခြံဝယ်ထားပြီး ပန်းလေးတွေကို ကိုယ်တိုင် စိုက်ထားသည် ။ သူမ၏ ဆိုင်မှာ လည်း ပန်းအမျိုးအစား စုံစုံလင်လင်နှင့် နိုင်ငံခြားကနေတောင် ပန်းအမျိုးအစားသစ်တွေမှာ ယူထားလို့ တော်တော် စုံလင်လှသည် ။

"မောင်..."

"ဟင်..."

"ဘာတွေ စဥ်းစားနေတာလဲ "

"မိုးရဲ့ ဆိုင်လေးကို ရောက်တိုင်း အေးချမ်းလွန်းလို့ ကိုယ် အားလုံးကို မေ့သွားတယ်..."

"မောင်ကတော့ ပိုပြီ၊ အဲဒါဆိုလည်း အမြဲတမ်းလာခဲ့ပေါ့"

"ဟုတ်ကဲ့ပါဗျာ...ကိုယ် အားတဲ့ အချိန်တိုင်း လာခဲ့ပါ့မယ် .."

မိုးသည် မောင့်စကားကြောင့် ပြုံးမိသည် ။ မောင်က ဘွဲ့ရပြီးထဲက မိဘကုမ္ပဏီမှာ အလုပ်မဝင်သေးဘဲ သင်တန်းတွေ တစ်ခုပြီး တစ်ခု တက်နေသည် ။ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားပြီး ပျော်ပါးနေတုန်းပင်။ တစ်ခါတလေ မိုးစဥ်းစားမိသည် ။ မောင့်ကို ဘာလို့ ချစ်မိ

ခဲ့လဲဆိုတာပင်။ မိုး စဉ်းစားထားသည့် ယောက်ျားလေး ပုံစံက ထက်ထက်မြက်မြက်နှင့် မိုးကို ဦးဆောင်နိုင် သစ္စာရှိရှိ ချစ်မယ့် ချစ်သူမျိုး။ ဒါပေမဲ့ မိုး မောင့်ကို ချစ်မိသွားခဲ့သည် ။ အဲဒီအတွက် အကြောင်းပြချက် မရှိပါဘူးလေ။ အချစ်မှာ အကြောင်းပြချက် မလိုပါဘူးလေ။

"မိုး......ဒီပန်းလေးတွေ ယူမယ်နော်.. "

မိုး၏ ဆိုင်မှာ ပုံမှန်ဝယ်နေကျ မိုး၏ သူငယ်ချင်း မြတ်နိုးက ပန်းလေးတွေ ရွေးပြီး ပြောသည် ။

"အိုခေ...လှလှလေး စီးပေးမယ်နော်....မြတ်နိုး.."

"အင်း...ကျေးဇူး..မိုး"

"ရပါတယ်...."

မောင်က ပန်းလေးတွေကို ကြည့်နေရင်းက မိုးတို့ အနားကို လျှောက်လာသည် ။ မြတ်နိုးကို ကြည့်ရင်း....

"မိုး....သူကဘယ်သူလဲ"

"ဪ သူလား..."

မောင့် မေးခွန်းကြောင့် မိုးရင်ထဲ အောင့်သက်သက် ဖြစ်သွားသည် ။

"သူက မိုး သူငယ်ချင်းလေ မြတ်နိုးတဲ့ ၊

ပန်းတွေ လာဝယ်ရင်း ရင်းနှီးသွားကြတာ..".

"ဟုတ်လား....ကိုယ့်ကို မိတ်ဆက်ပေးပါလား"

"အင်း..."

မိုးရင်ထဲ နာကျင်ပေမဲ့ ဟန်ဆောင်ပြုံးရင်း....

"မြတ်နိုး....ဒီမှာ ပန်းတွေ ရပြီနော် "

မြတ်နိုး ပန်းလေးတွေ လိုက်ကြည့်နေရင်းက မိုးအနားကို လျှောက်လာသည် ။

"ဝါး....လှလိုက်တာ...အရမ်းလှတယ် "

"မြတ်နိုး ရွေးတဲ့ ပန်းလေးတွေ လှတာကိုး။

ဒါနဲ့ မြတ်နိုး ဒါ မောင်...အဲ မြတ်မင်းမောင်တဲ့ လေ။ မိုးရဲ့ ...."

"မိတ်ဆွေပါ။ ကျွန်တော့်ကို မိုးကို ခင်သလို ခင်နိုင်ပါတယ်နော်..."

မိုး၏ စကားမဆုံးခင်မှာ မောင် ဝင်ပြောပြီး မြတ်နိုးကို နှုတ်ဆက်ဖို့ လက်ကမ်းလိုက်သည် ။

"အင်း....ကျွန်မက မြတ်နိုးပါ ..."

မြတ်နိုးက မိုးကို တစ်ချက် ကြည့်ပြီး လက်ဆွဲ နှုတ်ဆက်လိုက်သည် ။

မိုး သူတို့ ၏ လက်လေးတွေကို ငေးကြည့်ပြီး ဟန်ဆောင်ပြုံးထားရင်း ရင်ထဲမှာ တော့ တိတ်တိတ်လေး ငိုကြွေးနေမိသည် ။ မောင် ဘာလို့ မိုးအပေါ်ကို အဲဒီလောက်ထိ ရက်စက်ရတာလဲ။ မိုး၏ စိတ်ထဲ မေးခွန်း ထုတ်မိသည် ။ သို့သော် အဖြေမရှိ။

***

နောက်ရက် မိုးသည် မနက်ပိုင်း ဆိုင်လေးဖွင့်ပြီး ပန်းလေးတွေ နေရာချနေတုန်း မိုး၏ သူငယ်ချင်း ရတနာ ရောက်လာသည် ။ သူမက

အားသည့် အချိန်ဆို မိုးနှင့် အတူ ဆိုင်လာထိုင်ပေးတတ်သည် ။ မိုး၏ ပန်းဆိုင်မှာ အလုပ်သမား ကောင်မလေးတစ်ယောက်တော့ ရှိသည် ။ ရတနာ ရှိတော့ မိုးနှင့် စကားပြောဖော်ရသည် ။

"မိုး..."

"ရတနာ...ဒီနေ့ စောတယ်နော်..."

"အင်း...မိုး ငါ နင့်ကို ပြောစရာရှိလို့ ..."

"အင်း...ပြောလေ"

"မြတ်မင်းမောင်ကို....ငါ မနေ့က ကောင်မလေးတစ်ယောက်နဲ့ ထပ်တွေ့ခဲ့ပြန်တယ်။ သူက နင့်ဆီမှာ ပန်းဝယ်နေကျ ဖောက်သည် ပဲ။ မြတ်နိုးဆိုတဲ့ ကောင်မလေးလေ။ သူတို့ အရမ်း ရင်းနှီးနေတယ်။ ရည်းစားတွေ ဖြစ်နေပြီ ထင်တယ် "

မိုး...မျက်နှာ ပျက်သွားပေမဲ့.....ဟန်ဆောင်ပြုံးရင်း ....

"ဟုတ်လား"

မိုး တကယ်တော့ ထင်ထားပြီးသားပါ။ မောင် မိုးရဲ့ ပန်းဆိုင်မှာ မြတ်နိုးကို တွေ့တော့ ကြည့်တဲ့ အကြည့်တွေကို မိုး ရိပ်မိပါတယ်။ မောင် မြတ်နိုးကို စိတ်ဝင်စားသွားပြီဆိုတာ။ မိုး သိပ်မကြာခင် ဒီသတင်းတွေ ကြားရမယ်ဆိုတာ တွေးထားပြီးသားပါ။ ဒါပေမဲ့လည်း တကယ် ကြားရတဲ့ အချိန် ကြိုတင်ပြင်ဆင်ထားတာတောင် စိတ်မကောင်း ဖြစ်မိတုန်းပင်။

"နင် အေးတိအေးစက် လုပ်မနေနဲ့ ။ ခုခေတ်မှာ ဘယ်မိန်းကလေးမှ သူတို့ ရည်းစားကို နင့်လို နားလည်မပေးဘူး။ ငါတော့ မြင်ယောင်နေတယ်။ သူ နင့်ကို ပစ်ချသွားလိမ့်မယ် "

"ဒါဆို ငါ ဘယ်လိုလုပ်ရမှာ လဲ  ရတနာရယ်။ ငါ ဒီလောက် နားလည်မှုတွေ ပေးနေတာတောင် သူ ငါ့အပေါ် ဒီလို လုပ်တယ်။ ငါ ပြဿနာရှာရင် ငါ့ကို မောင်းထုတ်မှာ ပေ့ါ။ ငါ ဘာလုပ်ရမှာ လဲ"

မိုး ငိုချင်တာကို ထိန်းပြီး ပြောနေရသည် ။ မိုး ဘ၀မှာ ယောကျ်ားတစ်ယောက်ကြောင့် မျက်ရည် မကျချင်ပါ။ မိုးက အသည်းမာသည့် မိန်းမတစ်ယောက်ပင်။ ငယ်ငယ်တည်းက မိဘတွေ ကားအက်စီးဒန့်နှင့် ဆုံးသွားထဲက မိုး ဘယ်လိုအကြောင်းနှင့်မှ ထပ်မငိုတော့တာ ခုထိပင်။ ဒါပေမဲ့ မောင်နှင့် တွေ့ပြီးမှ ၊ မောင့်ကို ချစ်မိပြီးမှ မိုးဆိုတာ လုံး၀ ပြောင်းလဲသွားခဲ့သည် ။ အဲဒါတွေက မောင့်ကို ချစ်လွန်းလို့ ပါ။ မောင်သာ နားလည်နိုင်ခဲ့ရင်...........။

ရတနာသည် ဘာမျှ ဆက်မပြောနိုင်ဘဲ သက်ပြင်းချမိသည် ။ မိုးမခဆိုသည့် သူငယ်ချင်းကြောင့် စိတ်ညစ်မိသည် ။ သူမနှင့် ငယ်ငယ်တည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့သည် ။ အရင်က မိုးမခဆိုတာ ခပ်စွာစွာ မိန်းကလေးတစ်ယောက်။ ယောကျ်ားတစ်ယောက်အတွက်နှင့် ခံစားနေတတ်သူမဟုတ်၊ သူမ ဆယ်တန်းအောင်ပြီး နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး ပြန်လာတော့ မြတ်မင်းမောင်နှင့် တွေ့ပြီး တကယ် ချစ်မိသွားတာနေမည်။ ခုဆို အားလုံးကို အလျှော့ပေးပြီး ချစ်နေသည် လေ။ တစ်ချိန်က မိုးမခမှ ဟုတ်ရဲ့ လားလို့ ရတနာ သံသယ၀င် ရသည် အထိပင်။

***